# aejynawmpnyilom , ma&;aumrw



ဒေါက်တာဟိန်းဇေယျ
လက်ထောက်ညွှန်ကြားရေးမှူး
ကျန်းမာရေးဌာန

## ၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီကြီးကြပ်မှုဖြင့် ဖွင့်လှစ်ရောင်းချသော ညဈေးများမှာ -

- မြို့မဈေး
- သပြေကုန်းဈေး
- ပုပ္ပသီရိဈေး
- ဒက္ခိဏသီရိဈေး
- အာဟာရသုခဈေး

## ၂။ ငင်းညစျေးများတွင် -

- စားသောက်ဆိုင်တန်း
- သားငါးတန်း
- ကုန်စိမ်း/ ကုန်ခြောက်တန်း
- လူသုံးကုန်ပစ္စည်းများဟူ၍ ခွဲခြားရောင်းချစေလျှက်ရှိပါသည်။

## ၃။ ဈေးများအတွင်း အမှိုက်စွန့်ပစ်မှု မြို့မဈေး

- ဝန်ထမ်း(၇၅)ဦးရှိသည့်အနက် သန့်ရှင်းရေးဝန်ထမ်း (၃၅)ဦးဖြင့် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။
- ပွဲရုံတန်း- အမှိုက်ကား(၃)စီးဖြင့် နေ့စဉ် နံနက်(၇:၀၀)နာရီတွင် အမှိုက် သိမ်း
- ညဈေးမှဆိုင်များသည် အမှိုက်များအားမိမိဆိုင်တွင် စနစ်တကျ စွန့်ပစ်စေပြီး ဈေးသိမ်းချိန်တွင် သန့်ရှင်းရေးဝန်ထမ်း(၁၀)ဦးဖြင့် အမှိုက်များအား သိမ်းဆည်း၍ အမှိုက်ကန်သို့ ပို့သည်။
- အမှိုက်ကန်မှ(၂)ရက်(၁)ကြိမ်စွန့်ပစ်ပါသည်။

## သပြေကုန်းဈေး

- ဝန်ထမ်း(၅၇)ဦးရှိသည့်အနက် သန့်ရှင်းရေးဝန်ထမ်း(၂၀)ဦးဖြင့် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။
- ပွဲရုံတန်းအမှိုက်ကား(၂)စီးဖြင့် နေ့စဉ် နံနက်(၈:၃၀)နာရီနှင့် ညနေ(၃:၃၀)အချိန်တွင် (၂)ကြိမ်အမှိုက်သိမ်း
- ညဈေးမှဆိုင်များသည် အမှိုက်များအားမိမိဆိုင်တွင် စနစ်တကျစွန့်ပစ်စေပြီး ဈေးသိမ်းချိန်တွင် သန့်ရှင်ရေးဝန်ထမ်း(၃)ဦးဖြင့် အမှိုက်များအားသိမ်းဆည်း၍ အမှိုက်ကန်သို့ ပို့သည်။
- အမှိုက်ကန်မှ(၂)ရက်(၁)ကြိမ်စွန့်ပစ်ပါသည်။

# ၄။ ဈေးများအတွင်း ရေရရှိရန် စီမံထားရှိမှုအနေဖြင့် -

- ချက်ပြုတ်မှုအတွက် ရေသန့်သာသုံးရန်၊
- ဆေးကြောရန်နှင့် အခြားအသုံးပြုရန်အတွက်ရေငုတ်များ ထားရှိထားပါသည်။

## မြို့မဈေး

- ရေဂါလံ(၃၀၀၀၀)ဆံ့ (၁)ကန်
- ရေဂါလံ(၂၄၀၀၀)ဆံ့ (၁)ကန်
- ရေဂါလံ(၁၇၀၀၀)ဆံ့ (၁)ကန်
- ရေဂါလံ(၁၅၀၀၀)ဆံ့ (၂)ကန်
- ရေဂါလံ(၁၂၀၀၀)ဆံ့ (၁)ကန်

စသည်တို့ဖြင့် တည်ဆောက်ထားပြီး ရေပေးဝေလျှက်ရှိပါသည်။

## ဈေးအတွင်း ရေပေးဝေမှု

နေ့စဉ် နံနက်(၁၀:၀၀)နာရီမှ (၁၁:၀၀)နာရီအထိ
ညနေ(၀၃:၀၀)နာရီမှ (၀၅:၀၀)နာရီအထိ

**သပြေကုန်းဈေး**

- ရေဂါလံ(၂၀၀၀၀)ဆံ့ (၆)ကန်
- ရေဂါလံ(၁၀၀၀၀)ဆံ့ (၂)ကန်

စသည်တို့ဖြင့် တည်ဆောက်ထားပြီး ရေပေးဝေလျှက်ရှိပါသည်။

**ဈေးအတွင်း ရေပေးဝေမှု**

နေ့စဉ် နံနက်(၀၉:၀၀)နာရီမှ (၁၁:၀၀)နာရီအထိ

ညနေ(၀၃:၀၀)နာရီမှ (၀၆:၀၀)နာရီအထိ

**၅။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာန အနေဖြင့် အစားအသောက်ရောင်းချသူများ လိုက်နာရန် စည်းကမ်း ချက်(၁၉)ချက် ထုတ်ပြန်ထားပါသည် -**

(က) အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများသည်ခေါင်းစီး၊ရင်ကာ များဖြင့် ဝတ်ဆင်ချက်ပြုတ်ရမည်။

(ခ) အစားအစာအတွက်အသုံးပြုရမည့်ရေသည်စံချိန်မှီသောက်သုံးရေ ဖြစ်ရမည်။သောက်သုံး ရေနှင့်ရေခဲမှာလည်း သောက်သုံးရန်သင့် လျော်သည့် ရေနှင့်ရေခဲဖြစ်ရမည်။

(ဂ) ပြင်ဆင်ချက်ပြုတ်ပြီးသော ဟင်းလျာများနှင့် အဖျော်ရည်များကို ယင်ကောင်၊ ပိုးမွှားနှင့်ဖုန်များမဝင်စေရန်လုံခြုံသောဘူး၊အိုးခွက်၊ အုပ်ဆောင်း၊ မုန်အိမ်တို့ဖြင့်ထားရှိရမည်။

(ဃ) စားသုံးရန်အသင့်ဖြစ်နေသော အစားအသောက်များကို စင်ကြယ်စွာ
ဆေးကြောထားသောလက်ဖြင့်လည်းကောင်း၊ တူ၊ ဇွန်း၊ ခက်ရင်း၊ ညှပ်
တို့ဖြင့်လည်းကောင်း အသုံးပြု၍ကိုင်တွယ်ရမည်။

(င) ပြင်ဆင်ချက်ပြုတ်ပြီး ပူပူနွေးနွေးရောင်းချရမည်။ ချက်ချင်းရောင်းချနိုင်
ခြင်းမရှိပါက သင့်လျော်သောအပူချိန်တွင် ထားရှိရ မည်။

(စ) ချက်ပြုတ်တည်ခင်းသောအသုံးအဆောင်ပစ္စည်းများအား အနည်းဆုံး(၂)
ပေမြင့်သော စင်အမြင့်တွင်ထားရှိရမည်။

(ဆ) စဉ်းတီတုံးများကို သန့်ရှင်းစင်ကြယ်စွာ ဆေးကြောထားရမည်။ ဟင်းသီးဟင်းရွက်လှီးဖြတ်သော စဉ်းတီတုံးနှင့်သားစိမ်း၊ ငါးစိမ်း ခုတ်ထစ်သောစဉ်းတီတုံးကို သီးခြားအသုံးပြုရမည်။

(ဇ) အစားအသောက်ကိုင်တွယ်ချက်ပြုတ်သူများတွင် ကူးစက်စေနိုင်သောရောဂါတွေ့ရှိက အလုပ်မှခေတ္တဖယ်ရှား၍ ဆေးကုသမှုခံယူစေရမည်။ ရောဂါပျောက်ကင်းကြောင်း သက်ဆိုင်ရာကျန်းမာရေးအရာရှိ၏ ထောက်ခံချက်ရရှိမှသာ အလုပ်ပြန်လည်လုပ်ကိုင်စေ ရမည်။

(ဈ) အမှိုက်ပစ်ရန်အိတ်နှင့် အဖုံးပါပြီးလွယ်ကူစွာ ဆေးကြောနိုင်သော
အမှိုက်ပုံးများထားရှိပြီး သတ်မှတ်ထားသောနေရာတွင် စွန့်ပစ်ရ
မည်။

(ည) ဆိုင်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်ရှိ ရေမြောင်းများရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်များပိတ်ဆို့မှု မရှိစေရေးအတွက် စီမံထားရမည်။

(ဋ) ဆိုင်အတွင်း၊ စားဖိုဆောင်အတွင်းနှင့် ပတ်ဝန်းကျင်တွင် ခြင်၊ ယင်၊ ကြွက်၊ ပိုးဟပ်အစရှိသော ပိုးမွှားနှိမ်နင်းရေးလုပ်ငန်းကိုစနစ်တကျ စီစဉ်ဆောင်ရွက်ရမည်။

(ဌ) ကော်မတီမှ အခါအားလျော်စွာထုတ်ပြန်သည့်အမိန့်၊ စည်းကမ်း၊ ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

(ဍ) အထက်ဖော်ပြပါ စည်းကမ်းချက်များအား လိုက်နာမှုမရှိပါက နေပြည်တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ(၂၆)အရ ထိရောက်စွာ အရေးယူခြင်း ခံရမည်။

၆။ ပျံကျ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ ဈေးသည်များလိုက်နာရန် အောက်ပါစည်းကမ်းချက်များ ထုတ်ပြန်ထားပါသည်-

(က) ပျံကျဈေးအတွင်း ပျံကျဈေးသည်ဆိုသည့်အတိုင်း တနိုင်တပိုင်သာရောင်းချရမည်။

(ခ) သတ်မှတ်ထားသောနေရာ၊ ဇရိယာအတွင်း၌သာ စနစ်တကျရောင်းချရမည်။

(ဂ) သတ်မှတ်ထားသော ဈေးဖွင့်ချိန်/ ဈေးပိတ်ချိန်အတွင်းသာ ရောင်းချသွားရမည်။

(ဃ) ဈေးစတင်ရောင်းချရန် သတ်မှတ်ထားသည့် အချိန်မတိုင်မီ ရောင်းကုန်နှင့်ဈေးခုံများတည်ခင်းခြင်း၊ဈေးသိမ်းရန်သတ်မှတ်ထားသည့်အချိန်ကျော်လွန်၍ ဈေးရောင်းခြင်းမပြုရ။

(င)　ဈေးသိမ်းချိန်တွင် ဈေးရောင်းကုန်၊ ဈေးခုံနှင့် ဆက်စပ်ပစ္စည်းများအားထားရှိခြင်းမရှိရ၊ တပါတည်း သိမ်းဆည်းသွားရမည်။

(စ)　(၃)ရက်ဆက်တိုက်ပျက်ကွက်ပါက နေရာအားပြန်လည်သိမ်းယူခြင်းခံရမည်။

(ဆ)　ပုံကျဈေးသည်များအနေဖြင့် ဈေးရောင်းချရန် ပျက်ကွက်မည်ဆိုပါက
ဈေးအုပ်ချုပ်ရေးရုံးသို့ အကြောင်းကြားရမည်။

(ဇ)　နေရာများအားယာယီအားဖြင့် ခွင့်ပြုပေးထားခြင်းဖြစ်၍ အခြား
တစ်ဦး တစ်ယောက်သို့ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်း ခြင်း မပြုလုပ်ရ။

(ဈ) ပုံကျဆိုင်နေရာအား ယာယီအမိုးအကာဖြင့်သာ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဈေး၏သန့်ရှင်းသပ်ရပ်မှုကို အနှောက်အယှက်ဖြစ်စေသည့် ယာယီထီးအမိုးများမှ အဖီများဆွဲခြင်း အကာအရံများပြုလုပ်ခြင်းမပြုရ။

(ည) ဈေးရောင်းချသောနေရာအား သန့်ရှင်းရေးဆောင်ရွက်ရမည်။

(ဋ) ဈေးအတွင်းခွင့်ပြုချက်မရှိဘဲ မီးမွှေးခြင်း၊ မီးသုံးစွဲခြင်းမပြုရ။

(ဌ) ပုံကျဈေးအတွင်း လူတို့စားသုံးရန်မသင့်သော အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများ၊ မီးဘေးအန္တရာယ်ရှိစေနိုင်သော၊ မီးလောင်လွယ်စေသည့်လောင်စာဆီများ၊ ပေါက်ကွဲစေတတ်သည့် မီးခြူးမီးပန်းစသည့် တစ်စုံတစ်ရာပစ္စည်းများ၊ သက်ဆိုင်ရာမှ တားမြစ်ထားသော ကုန်ပစ္စည်းများရောင်းချခြင်း မပြုရ။

(ဍ) ဈေးဝယ်လာသူများကို ယဉ်ကျေးစွာပြုမူပြောဆိုဆက်ဆံရမည်။ ဈေး
အတွင်းရုံးရင်းဆန်ခတ်ဖြစ်စေခြင်းကိုသော်လည်းကောင်း၊ အခြားသူကို
အနှောက်အယှက်ပြုခြင်း၊ ဆူညံခြင်းကိုသော်လည်း
ကောင်းမပြုရ။

(ဎ) ပွဲကျဈေးသည်များ မိမိတို့၏စက်ဘီး၊ ဆိုက္ကား၊ ဆိုင်ကယ်များအား
မိမိရောင်းချနေရာတွင် ထားရှိခြင်းမပြုဘဲ သတ်မှတ်ထားသောနေရာ
တွင် ထားရှိရမည်။

(ဏ) သားငါးရောင်းချသည့် ဈေးသည်များ ယင်လုံဇကာ၊ ယင်ဆေး
ကတ်များ အသုံးပြုရမည်။ ဌာနက စံအဖြစ်သတ်မှတ်ထားသော
အလေး၊ ချိန်ခွင်၊ တင်း၊ တောင်း အတိုင်းအတာများနှင့် ကိုက်ညီသည်
များကိုသာ သုံးစွဲရမည်။

(တ) ပုံကျစျေးအတွင်း လောင်းကစားပြုလုပ်ခြင်း၊ ဆော့ကစားခြင်း၊ ညအိပ်နေထိုင်ခြင်းနှင့် ချက်ပြုတ်စားသောက်ခြင်းခွင့်မပြု။

(ထ) ကော်မတီကတာဝန်ပေးအပ်သည့်အဖွဲ့၊ အဖွဲ့ဝင်နှင့် အရာထမ်း၊ အမှုထမ်းများ၏ တာဝန်ဝတ္တရားများ ဆောင်ရွက်ခြင်းကို နှောင့်ယှက်
ခြင်း၊ ဟန့်တားခြင်း၊ တားဆီးခြင်းမပြုရ။

(ဒ) အခါအားလျော်စွာ ဌာနကထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊
စည်းကမ်းချက်များ၊ အမိန့်များကို လိုက်နာရမည်။

(ဓ) အထက်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း
စစ်ဆေးတွေ့ရှိပါက နေရာအား ပြန်လည်သိမ်းယူခြင်းခံရမည့်အပြင်
နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည်။

၇။ အထက်ပါစည်းကမ်းချက်များအပြင် နေပြည်တော်စည်ပင်သာယာ
ရေးကော်မတီမှ ထုတ်ပြန်ပြဋ္ဌာန်းထားသော ဥပဒေများ၊ နည်းဥပဒေ
များနှင့်အခါအားလျော်စွာဌာနမှထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊
စည်းကမ်းချက်များ၊ အမိန့်များအား လိုက်နာခြင်းမရှိပါက နေပြည်တော်
စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

## ၈။ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

ပုဒ်မ(၂၂)ဤဥပဒေအရ ထုတ်ပေးထားသော လိုင်စင်ရရှိသူက ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ရရှိသူကဖြစ်စေ၊ ခွင့်ပြုချက်ရရှိသူကဖြစ်စေ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် သော်လည်းကောင်း၊ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ် ကိုကျူးလွန်ကြောင်း သတ်မှတ်ထားသောတရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သော် လည်းကောင်း၊ သက်ဆိုင်ရာလိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ရရှိသူအား ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က ) သတိပေးခြင်း၊

( ခ ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

( ဂ ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်၊မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

## ၉။ နေပြည်တော်စည်ပင်သာယာရေးဥပဒေ

ပုဒ်မ(၂၆) မည်သူမဆို ဤဥပဒေအရ ကော်မတီကထုတ်ပြန်သည့် စည်းကမ်း တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက် ကျူးလွန်ကြောင်း (သို့မဟုတ်) လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုသုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ(၂၇)၊ ပုဒ်မ(၂၆) အရပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် (သို့မဟုတ်) လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ဖောက်ဖျက်ကျူးလွန်ခြင်း (သို့မဟုတ်)ပျက်ကွက်ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံးငွေဒဏ်ကျပ် တစ်သောင်းမှ အများ ဆုံးငွေဒဏ်ကျပ် ငါးသောင်းအထိချမှတ်ရ မည်။

# ကျေးဇူးတင်ပါသည်